မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

September 8, 2025 Volume 94, Number 6


၈. ၉.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၂.၅၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၅.၅၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၇.၇၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၂.၃၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၅၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၆ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၁၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၇.၅၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၈၄ ကျပ် |



CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


# ပြည်ပကို ဆန်နှင့်ဆန်ကွဲတင်ပို့မှုတန်ချိန် ၁ သန်းကျော်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၅၅ သန်း ရရှိထား




Total Export – 1038360 MT
Total Export Revenue - 355 Millions USD

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ၅ လတာကာလအတွင်း ပြည်ပကို ဆန်နှင့်ဆန်ကွဲတင်ပို့မှု တန်ချိန် ၁,၀၃၈,၃၆၀ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၅၅ သန်းရရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ် MRF မှ ထုတ်ပြန်ထားသည်။

ဧပြီလမှာ ဆန်နှင့်ဆန်ကွဲတန်ချိန်တင်ပို့မှု ၁၄၂,၇၈၈ တန်ရှိပြီး မေလတွင် ဆန်နှင့်ဆန်ကွဲတန်ချိန်တင်ပို့မှု ၂၅၉,၅၀၁ တန်၊ ဇွန်လတွင် ဆန်နှင့်ဆန်ကွဲ ၂၁၂,၄၁၆ တန်ရှိပြီး ဇူလိုင်လတွင် ဆန်နှင့်ဆန်ကွဲ ၂၃၀,၆၇၁ တန် ဩဂုတ်လတွင် ဆန်နှင့်ဆန်ကွဲတင်ပို့မှု ၁၉၂,၉၈၄ တန် ရှိခဲ့တာဖြစ်ပြီး နိုင်ငံပေါင်း ၆၀ ကျော်ကို တင်ပို့ခဲ့ခြင်းဖြစ်သည်။

လက်ရှိပြည်ပကို ဆန်၊ ဆန်ကွဲတင်ပို့မှုအနေဖြင့် ကုမ္ပဏီပေါင်း ၆၀ က ပင်လယ်ရေကြောင်းမှတစ်ဆင့် အဓိကတင်ပို့နေတာဖြစ်ပြီး ဆန်တန်ချိန် ၁၁၂,၅၀၄ တန်၊ ဆန်ကွဲတန်ချိန် ၈၀,၄၈၀ တန်ချိန်ကို နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် တန်ချိန် ၁၄၀ နှင့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှာ ၁၉၁,၅၈၄ တန်ကို တရုတ်၊ ဖိလစ်ပိုင်၊ မာဒါစကား၊ စပိန်၊ ပိုလန်နိုင်ငံတွေက တန်ချိန်အများဆုံး ဝယ်ယူနေခြင်းဖြစ်သည်။

ယခုဘဏ္ဍာနှစ်မှာ ပြည်ပကို ဆန်၊ ဆန်ကွဲတင်ပို့မှုအနေဖြင့် တန်ချိန် သုံးသန်းနီးပါးအထိ တင်ပို့နိုင်ရန် မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်က ခန့်မှန်းထားသည်။

ပြီးခဲ့တဲ့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာတော့ ပြည်ပကို ဆန်၊ ဆန်ကွဲတင်ပို့မှုအနေနဲ့ တန်ချိန် ၂ ဒသမ ၅ သန်းနီးပါး တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၁၂၉ သန်း ရရှိခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ် MRF မှ သိရသည်။

ဆန်နဲ့ဆန်ကွဲက ဧည့်မထ၊ ငစိန် အုပ်စုဝင်တွေဖြစ်သည့် ဆင်းသုခ၊ သီးထပ်ယဉ်၊ ရတနာ တိုး၊ ငစိန်ရာကျော်၊ ကရင်မ၊ ထွန်းပု၊ GW-၁၁ ၊ စောရှုပ်၊ ၇၄၇၊ သီးပု၊ နံကောက်စတဲ့ ဆန်ကြမ်းအုပ်စုတွေကို အဓိကတင်ပို့နေတာဖြစ်ပြီး အဆိုပါ ပြည်ပပို့ကုန်ဆန်အမျိုးအစားများသည် ပြည်တွင်းဈေးကွက်တွင် ဈေးကျနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ရန်ကုန်၊ ဘုရင့်နောင်ဈေးကွက်ရှိ မတ်ပဲ၊ ပဲစင်းငုံ ဈေးကွက်သုံးသပ်ချက်




နှစ်အစမှာ မတ်ပဲကျပ် ၃၀ တစ်တန်ဈေး သိန်း (အက်ဖ်အေကျူ၊အာစီ) အကျော်မှာရှိနေပြီး ယခု ၂၉ သိန်းကျပ် ဝန်းကျင်သာရှိပါတယ်။ ပဲစင်းငုံကလည်း မေလကစတင်ပြီး ဆက်တိုက်ဆိုသလို (အာစီ) ကျပ် ဝန်းကျင်သာ ရှိပါတော့တယ်။ ၂၅ ဈေးကျဆင်းလာပြီး သိန်း

ရန်ကုန်၊ ဘုရင့်နောင်ဈေးကွက်ရှိ မတ်ပဲ၊ (အက်ဖ်အေကျူ၊အာစီ) ဈေးနှုန်းများကို၏ တစ်တန်တို့ (အာစီ)၊ ပဲစင်းငုံနီ(အက်စ်ကျူ၊အာစီ)မတ်ပဲ လေ့လာသော် စက်တင်ဘာလ ၅ ရက်နေ့ ပေါက်ဈေးအရ ၂,၉၆၀,၀၀၀ ကျပ်၊ ၃,၂၆၀,၀၀၀ ကျပ်၊ ၂,၅၃၀,၀၀၀ ကျပ်ဖြင့် အသီးသီး ဈေးပေါက်နေပါတယ်။

**ယခင်လ နှင့် နှိုင်းယှဉ်ချက်(စက်တင်ဘာလ ပထမပတ်) နဲ့ ယခုလ(ဩဂုတ်လ)**

၂၀၂၅ ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလ ဈေးနှုန်းများကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ယခုလ မတ်ပဲ (အက်ဖ်အေကျူ၊အာစီ)၊ မတ်ပဲ(အက်စ်ကျူ၊အာစီ) တစ်တန်လျှင် ပျမ်းမျှဈေးနှုန်းများမှာ ယခင်လထက် ၆၀၀၀၀ ကျပ်၊ ၇၀၀၀၀ ကျပ်ဝန်းကျင် ကျလာတာကို တွေ့ရပါတယ်။ ထို့အတူ ပဲစင်းငုံ(အာစီ)ကလည်း တစ်တန်လျှင် ၁သိန်းခွဲဝန်းကျင် ဈေးကျဆင်းလာပါတယ်။

**၂၀၂၅ ခုနှစ် လအလိုက်သုံးသပ်ခြင်း**

၂၀၂၅ ခုနှစ်၊ နှစ်စမှ လက်ရှိစက်တင်ဘာလအထိ မတ်ပဲတစ်တန်ဈေးနှုန်းကို လေ့လာသော် (အက်ဖ်အေကျူ၊အာစီ) သော် ဇန်နဝါရီလ ၃,၀၄၃,၀၀၀ကျပ်၊ ဖေဖော်ဝါရီတွင် ၂,၉၅၇,၇၈၉ ကျပ်၊ မတ်လတွင် ၃,၀၁၈,၁၀၅ ကျပ်၊ ဧပြီလတွင် ၃,၀၄၀,၃၄၃ကျပ်၊ မေလတွင် ၃,၀၁၉,၆၁၉ကျပ်၊ ဇွန်လတွင်၂,၉၈၈,၀၄၈ ကျပ် ၊ ဇူလိုင်လတွင် ၃,၀၀၀,၅၆၅ ကျပ်၊ ဩဂုတ်လတွင် ၂,၉၇၀,၄၂၉ ကျပ်၊ စက်တင်ဘာ ပထမပတ်တွင် ၂,၉၀၉,၆၀၀ ကျပ်ဖြင့် အသီးသီး ဈေးပေါက်ခဲ့ပါတယ်။

၂၀၂၅ ခုနှစ်၊ နှစ်စမှ လက်ရှိစက်တင်ဘာလအထိ မတ်ပဲ(အက်စ်ကျူ၊အာစီ) တစ်တန်ဈေးနှုန်းကို လေ့လာသော် ဇန်နဝါရီလ ၃,၃၈၅,၂၂၂ ကျပ်၊ ဖေဖော်ဝါရီတွင် ၃,၁၀၉,၅၄၂ ကျပ်၊ မတ်လတွင် ၃,၃၂၀,၆၃၁ ကျပ်၊ ဧပြီလတွင် ၃,၃၅၁,၀၉၃ ကျပ်၊ မေလတွင် ၃,၂၆၂,၈၈၀ကျပ်၊ ဇွန်လတွင် ၃,၃၀၂,၈၁၀ကျပ်၊ ဇူလိုင်လတွင် ၃,၃၁၇,၂၆၁ ကျပ်၊ ဩဂုတ်လတွင် ၃,၂၇၈,၆၆၇ ကျပ်၊ စက်တင်ဘာ ပထမပတ်တွင် ၃,၂၀၉,၆၀၀ ကျပ်ဖြင့် အသီးသီးဈေးပေါက်ခဲ့ပါတယ်။

၂၀၂၅ ခုနှစ်၊ နှစ်စမှ လက်ရှိ စက်တင်ဘာလအထိ ပဲစင်းငုံ(အာစီ) တစ်တန်ဈေးနှုန်းကို လေ့လာသော် ဇန်နဝါရီလ ၂,၉၆၈,၂၂၂ ကျပ်၊ ဖေဖော်ဝါရီတွင်၂,၉၇၀,၅၂၆ ကျပ်၊ မတ်လတွင် ၂,၉၉၅,၇၈၉ ကျပ်၊ ဧပြီလတွင်၂,၉၆၃,၀၆၃ ကျပ်၊ မေလတွင် ၂,၈၇၁,၆၆၇ ကျပ်၊ ဇွန်လတွင် ၂,၇၅၅,၅၂၄ ကျပ်၊ ဇူလိုင်လတွင် ၂,၈၀၈,၅၆၅ ကျပ်၊ ဩဂုတ်လတွင် ၂,၆၇၂,၄၂၈ ကျပ်၊ စက်တင်ဘာပထမပတ်တွင် ၂,၅၂၀,၀၀၀ ကျပ်ဖြင့် အသီးသီး ဈေးပေါက်ခဲ့ပါတယ်။

**သုံးသပ်ခန့်မှန်းချက်**

နှစ်အစမှာ မတ်ပဲ(အက်ဖ်အေကျူ၊အာစီ) တစ်တန်ဈေး သိန်း ၃၀ ကျပ်အကျော်မှာရှိနေပြီး နောက်လများမှာ

ဒီဈေးဝန်းကျင်မှာဘဲ အနည်းငယ် အတက်၊ အကျဖြစ်နေပြီး ဩဂုတ်၊ စက်တင်ဘာလတို့မှာ တစ်တန်ကို ကျပ် ၂၉ သိန်း ဝန်းကျင်အထိ သိသိသာသာ ကျဆင်းလာခဲ့ပါတယ်။

နှစ်အစမှာ ပဲစင်းငုံ(အာစီ) တစ်တန်ဈေး သိန်း ၂၉ ကျပ် ဝန်းကျင်ရှိနေပြီး မေလကစတင်ပြီး ဆက်တိုက်ဆိုသလို ဈေးကျဆင်းလာပါတယ်။ ယခု စက်တင်ဘာလ ပထမပတ် တစ်တန်ပျမ်းမျှဈေးနှုန်းမှာ သိန်း ၂၅ ကျပ် ဝန်းကျင်သာ ရှိပါတော့တယ်။

လက်ရှိမှာ အိန္ဒိယဘက်က ဝယ်အားထိန်းနေတဲ့အပြင် အရောင်းအဝယ်အေးနေတာကြောင့် ဈေးကွက်ကျဆင်းနေတာ ဖြစ်ပါတယ်။ ပဲစင်းငုံကလည်း လက်ကျန်နည်းခြင်း၊ ပြည်ပအဝယ်နည်းခြင်းကြောင့် ဖြစ်နိုင်ပါတယ်။

**Source: AMIA**

## ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ပုစွန်ပိဿာ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဩဂုတ်လအတွင်း ပုစွန်ပိဿာအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်တင်တင်ဌေး၏ ပြောပြချက်အရ သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ပုစွန်ပိဿာ ၆၆,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ပုစွန်များကို ရေထွက်ကုန်လုပ်ငန်း လုပ်ကိုင်သူများကဝယ်ယူပြီး စနစ်တကျ သန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

“ဒေးဒရဲမြို့နယ်က ရေထွက်ကုန်အများစုကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ပုစွန်ပိဿာ ၆၆,၀၀၀ အထိတင်ပို့ရောင်းချခဲ့ရပါတယ်။ ပုစွန်အပါအဝင် ရေထွက်ကုန်တွေ ကုန်ချိန်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ကုန်ပစ္စည်း တင်ပို့ရောင်းချတဲ့ လုပ်ငန်းလုပ်ကိုင်သူတွေ အလုပ်အကိုင်အခွင့်အလမ်းကောင်းလာ ပါတယ်။ ဒီဒေသက ရေထွက်ကုန်တွေကို ကုန်တင်ကားတွေနဲ့ အများဆုံးတင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချရတာလည်း အခက်အခဲမရှိပါဘူး”ဟု ဒေါ်တင်တင်ဌေးကပြောသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်များလတ်ဆတ်မှုပေါ်မူတည်ပြီး ဈေးနှုန်းအသီးသီးရှိကြောင်းသိရသည်။

**Source: myawaddy.net.mm**

## ညှော်မထဆန်(မနော်သုခ)သစ်ဈေးကျ၍ ညှော်မထဆန်(မနော်သုခ)ဟောင်း၊ ပေါ်ဆန်မွှေးဆန်၊ ဆန်ကွဲနှင့်ဖွဲနုဈေးများ တည်ငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင်မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျဖြစ်ပေါ်လျက်ရှိပါသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် (၂၉.၈.၂၀၂၅)ရက်နေ့တွင် ညှော်မထဆန်(မနော်သုခ)(ဟောင်း) တစ်အိတ် ၆၅,၀၀၀ကျပ်၊ ညှော်မထဆန်(မနော်သုခ)(သစ်)တစ်အိတ် ၆၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန် တစ်အိတ် ၁၀၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ်

၄၅,၀၀၀ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၄၂,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၇,၀၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ (၅.၉.၂၀၂၅) ရက်နေ့တွင် ဧည့်မထဆန် (မနောသုခ)(ဟောင်း)တစ်အိတ် ၆၅,၀၀၀ကျပ်၊ ဧည့်မထဆန် (မနောသုခ)(သစ်)တစ်အိတ် ၅၅,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၀၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၄၅,၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၄၂,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၇,၀၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ဧည့်မထဆန်(မနောသုခ)(သစ်)တစ်အိတ် ၅၀၀၀ ကျပ် ဈေးကျ၍ ဧည့်မထဆန် (မနောသုခ)(ဟောင်း)၊ ပေါ်ဆန်းမွှေးဆန်၊ ဆန်ကွဲနှင့် ဖွဲနုဈေးများ တည်ငြိမ်လျက်ရှိပါသည်။ ဧည့်မထဆန်(မနောသုခ)(သစ်) ဈေးကျဆင်းသွားခြင်းမှာ ကုန်ကြမ်းများပြီး ဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်းသွားခြင်းဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင် ဥက္ကဌထံမှ သိရပါသည်။

**Source: ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဗီယက်နမ်နိုင်ငံ၏ ငရုတ်ကောင်းတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော် ရောက်ရှိ

ဗီယက်နမ်နိုင်ငံ ငရုတ်ကောင်းနှင့်ဟင်းခတ်အမွှေးအကြိုင်အသင်း(VPSA)အသင်း၏အဆိုအရ ငရုတ်ကောင်းတင်ပို့မှုဝင်ငွေသည် ၂၀၂၅ ခုနှစ် သြဂုတ်လ လဝက်အတွင်း အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၈ သန်းရောက်ရှိခဲ့ပြီး ၂၀၂၅ ခုနှစ် ၈ လအတွင်း စုစုပေါင်းတင်ပို့မှု ၁ ဒသမ ၀၆ ဘီလီယံအထိရောက်ရှိခဲ့ကြောင်း သိရပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန၏ အချက်အလက်များအရ ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ် ပထမ ၇ လအတွင်း ငရုတ်ကောင်းတန်ချိန် ၁၄၅,၃၀၀ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၉၉၁ ဒသမ ၁ သန်းရရှိခဲ့ကြောင်း ဖော်ပြထားပါသည်။

အဆိုပါပမာဏသည် ရာခိုင်နှုန်းအားဖြင့် ၁၁ ဒသမ ၆ ရာခိုင်နှုန်းလျော့ကျသွားသော်လည်း ၂၀၂၄ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက တန်ဖိုးအားဖြင့် ၂၉ ဒသမ ၉ ရာခိုင်နှုန်းတိုးလာကြောင်းဖော်ပြထားပါသည်။ ဤကာလအတွင်း ပျမ်းမျှပို့ကုန်ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၈၂၃ ဒသမ ၂ ဖြင့် ခန့်မှန်းထားပြီး တစ်နှစ်ထက်တစ်နှစ် ၄၆ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရပါသည်။ အမေရိကန်၊ ဂျာမနီနှင့် အိန္ဒိယတို့သည် ဗီယက်နမ်ငရုတ်ကောင်းတင်သွင်းမှု၏ ၂၆ ရာခိုင်နှုန်း၊ ၈ ဒသမ ၉ ရာခိုင် နှုန်းနှင့် ၇ သမ ၃ ရာခိုင်နှုန်းအသီးသီးရှိကြောင်း သိရပါသည်။

အကြီးဆုံးပို့ကုန်တင်ပို့သည့် ဈေးကွက် ၁၅ ခုအနက် ယူနိုက်တက်ကင်းဒမ်းသည် ပို့ကုန်တန်ဖိုး ၂ ဒသမ ၁ ဆတိုးလာကာ အကြီးဆုံးတိုးတက်မှုအဖြင့် စံချိန်တင်ခဲ့ပြီး အာရပ်စော်ဘွားများပြည်ထောင်စုသည် တစ်နှစ်ထက်တစ်နှစ် ၁၈ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ အမေရိကန်သည် ဗီယက်နမ်ကုန်ပစ္စည်းများအပေါ် ၂၀ ရာခိုင်နှုန်းအခွန် စည်းကြပ်ထားသော်လည်း ငရုတ်ကောင်းဈေးနှုန်းများသည် ယခင်လများထက် ဈေးနှုန်း ၂ ဆမြင့်တက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

ဗီယက်နမ်နိုင်ငံ ငရုတ်ကောင်းနှင့်ဟင်းခတ်အမွှေးအကြိုင်အသင်း(VPSA)အသင်း၏အဆိုအရ ငရုတ်ကောင်းတင်ပို့မှုအတွက် အဆင်သင့်ဖြစ်စေသောအခြေအနေများဖန်တီးပေးခြင်းဖြင့် အဓိကဈေးကွက်များမှ ဝယ်လိုအားတိုးလာခြင်းကြောင့် ကမ္ဘာ့ငရုတ်ကောင်းဈေးနှုန်းများသည် ၂၀၂၅ ခုနှစ် ဒုတိယနှစ်ဝက်တွင် ဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း ရေးသားဖော်ပြထားပါသည်။

ပို့ကုန်ပမာဏသည် တန်ချိန် ၂၅၀,၀၀၀ မှ တန်ချိန် ၂၂၀,၀၀၀ ဝန်းကျင်သို့ ကျဆင်းနိုင်ဖွယ် ရှိကြောင်း ခန့်မှန်းထားသော်လည်း ဈေးနှုန်းမြင့်မားမှုကြောင့် ပို့ကုန်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံရောက်ရှိရန် ခန့်မှန်းထားသည်။ သို့ရာတွင် အမေရိကန်၏အခွန်စည်းကြပ်မှုကြောင့် စက်မှုလုပ်ငန်းအတွက် အသားတင်တန်ဖိုး အမေရိကန် ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံခန့်ရရှိနိုင်ဖွယ်ရှိကြောင်း ဖော်ပြထားပါသည်။

**Source: VN Economy** **(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟနွိုင်းမြို့)**

## Expo 2025 Osaka ကုန်စည်ပြပွဲတွင်ပြသလျက်ရှိသည့် ယူအေအီးနိုင်ငံ ကိုယ်စားပြုပြခန်းမှ လေ့လာကြည့်ရှုသူသုံးသန်းကို လက်ခံကြိုဆိုခဲ့

ဂျပန်နိုင်ငံ၊ အိုဆာကာမြို့ရှိ Expo 2025 Osaka ကုန်စည်ပြပွဲတွင် ပါဝင်ပြသလျက်ရှိသော ယူအေအီးနိုင်ငံ၏ ကိုယ်စားပြုပြခန်းမှ လာရောက်လေ့လာကြည့်ရှုသူပေါင်း သုံးသန်းကိုလက်ခံကြိုဆိုခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာကုန်စည်ပြပွဲတွင် လေးစားမှုအရှိဆုံးနှင့် လာရောက်လည်ပတ်သူအများဆုံးသော ပြခန်းတစ်ခုအဖြစ် ၎င်းတို့၏နေရာကို ခိုင်မာစွာ ရပ်တည်နိုင်ခဲ့ပါသည်။

ပြခန်းစတင်ဖွင့်လှစ်ခဲ့သည့်ဧပြီလကတည်းက အဆိုပါပြခန်းသည် ကမ္ဘာလုံးဆိုင်ရာတိုးတက်မှုများအတွက် ၎င်းတို့၏ အမြင်နှင့် ယူအေအီးနိုင်ငံ၏အမွေအနှစ်များကို ရောနှောထားသည့် ၎င်းတို့၏ဆောင်ပုဒ်ဖြစ်သည့် “မြေပြင်မှမိုးထက်ဆီသို့” (Earth to Ether)ခေါင်းစဉ်ဖြင့် လေ့လာကြည့်ရှုသူများကို ဆွဲဆောင်နိုင်ခဲ့ပါသည်။ Earth to Ether Design Collective တည်ဆောက်ရေးဗိသုကာအုပ်စုမှပုံစံထုတ်ထားသည့် အဆိုပါပြခန်းတွင် ထန်းပင်စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများမှ ကော်လံတိုင်ကြီးပေါင်း ၉၀ ခုပါရှိပြီးရေရှည်တည်တံ့မှုနှင့်ယဉ်ကျေးမှုအမြစ်များကိုကိုယ်စားပြု၍ တင်ဆက်ပြသထားပါသည်။

ယူအေအီးနိုင်ငံကိုယ်စားပြုပြခန်း၏ ကော်မရှင်နာမင်းကြီးဖြစ်သူ သံအမတ်ကြီး Shihab Alfaheem က လေ့လာကြည့်ရှုသူ သုံးသန်းအထိရောက်ရှိလာခဲ့ခြင်းသည် ယူအေအီးပြခန်းအတွက် ကြီးမားသောမှတ်တိုင်တစ်ခုဖြစ်ပြီး မြတ်နိုးဖွယ်ရာအောင်မြင်မှု ဖြစ်သလို ယူအေအီးနိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာပွဲတင်ထပ်သောဇာတ်လမ်းများနှင့် ၎င်းတို့၏အနာဂတ်အတွက်မျှဝေထားသော ဆန္ဒများကို တင်ဆက်ပြသထားခြင်းဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

အဆိုပါပြခန်းတွင် အကြောင်းအရာအလိုက်ဇုန်ငါးခုတွင် အာကာသစူးစမ်းလေ့လာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆန်းသစ်တီထွင်မှု၊ ရေရှည်တည်တံ့မှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို မီးမောင်းထိုးပြသည့် အတွေ့အကြုံများဖြင့် ပြသထားပါသည်။ ပြခန်းရှိအလုပ်ရုံဆွေးနွေးပွဲများမှသည် ယူအေအီးနိုင်ငံ၏ အစားအသောက်ပြပွဲများအထိ နေ့အလိုက် အစီအစဉ်များကိုရေးဆွဲထားရှိခြင်းဖြင့် ပြခန်းအား Expo 2025 Osakaကုန်စည်ပြပွဲတွင် ယဉ်ကျေးမှုဗဟိုချက်အဖြစ်သို့ပြောင်းလဲခဲ့ပါသည်။

လာမည့်အောက်တိုဘာလ ၁၃ ရက်နေ့၊ ကုန်စည်ပြပွဲမပြီးဆုံးမီနှစ်လအလိုကာလတာအတွင်း ယူအေအီးပြခန်းသည် ၎င်းတို့၏ချိတ်ဆက်မှု၊ တီထွင်ဖန်တီးမှုနှင့်မျှဝေမှုဆိုင်ရာတိုးတက်မှုများကို တွေ့ကြုံခံစားရန်အတွက် လေ့လာကြည့်ရှုမည့် ဧည့်သည်များကို ဆက်လက်ဖိတ်ခေါ်ထားရှိပါကြောင်း သတင်းဖော်ပြထားပါသည်။

**News Source: Emirates News Agency**

**(နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ အဘူဒါဘီမြို့)**

# STOCK EXCHANGE (8.9.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 8th Sep. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 35,198 (Shares) | 114,203,000 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | -100 | -1.32% | 7,500 | 8,000 | 7,300 | 316 | 2,352,800 | 33,109,694 | 248,323 |
| MTSH | 00002 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 2,272 | 7,043,200 | 38,929,150 | 120,680 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 6 | 44,400 | 10,400,986 | 76,967 |
| FPB | 00004 | 2,000 | +0 | +0.00% | 1,950 | 2,000 | 1,950 | 1,063 | 2,075,400 | 29,664,613 | 59,329 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 916 | 2,381,600 | 12,823,224 | 33,340 |
| EFR | 00006 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 522 | 965,700 | 19,977,223 | 36,958 |
| AMATA | 00007 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 0 | 0 | 10,497,598 | 34,117 |
| MAEX | 00008 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 103 | 339,900 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 8th Sep. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.90 | -1.76 | -0.48% | 364.12 | 373.68 | 361.39 | 5,198 | 15,203,000 | 8 | 688,270 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 11:00 am, 9th Sep. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,558 (Shares) | 4,802,000 (MMK) |

| MYANPIX | 363.39 ▼ 1.51 |
|---|---|
| Total Volume (shares) | 1,558 |
| Total Value (MMK) | 5 mil |
| Listed Company | 8 |
| Market Cap. (MMK) | 685,423 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,400 | ▼ 100 |
| MTSH | 00002 | 3,150 | ▲ 50 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,950 | ▼ 50 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,850 | ▲ 0 |
| AMATA | 00007 | 3,250 | ▲ 0 |
| MAEX | 00008 | 3,300 | ▲ 0 |